C/O Union Aid Abroad-APHEDA
Level 1, 365-375 Sussex St, Sydney, NSW 2000
contact@myanmarcampaignnetwork.org
+61 2 8203 6044 or +61 2 9264 9343

MYANMAR CAMPAIGN NETWORK

**သတင်းထုတ်ပြန်ချက်**
**၂၀၂၄ခုနှစ် ဇန်နဝါရီလ ၃၀ရက်နေ့**

## အကြမ်းဖက်စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကြား မြန်မာ့သတ္တုတွင်းလုပ်ငန်းကဏ္ဍတွင် ဩစတြေးလျ ပါဝင်ပတ်သပ်နေမှုအပေါ် အရေးယူပေးရန် Myanmar Campaign Networkမှ တောင်းဆို

ဩစတြေးလျပိုင်နှင့် ၄င်းတို့ဦးဆောင်သောကုမ္ပဏီများသည် သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းကဏ္ဍမှတစ်ဆင့် စစ်အာဏာရှင်တို့အား တိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းဖြင့် ပံ့ပိုးပေးနေသည့် တုန်လှုပ်ခြောက်ခြားဖွယ်ရာ တွေ့ရှိချက်များအတွက် Myanmar Campaign Network မှ မြန်မာနိုင်ငံ သတ္တုတွင်းလုပ်ငန်းကဏ္ဍအပေါ် ဩစတြေးလျမှ ပိတ်ဆို့အရေးယူမှုများ ချက်ချင်းဆောင်ရွက်ရန် တောင်းဆိုထားသည်။ အဆိုပါ လုပ်ဆောင်ချက်သည် တရားမဝင် စစ်တပ်အာဏာသိမ်းမှု သုံးနှစ်မြောက် နှစ်ပတ်လည်နေ့တွင်၊ အထူးသဖြင့် ထိုလုပ်ငန်းကဏ္ဍတွင် ပါဝင်သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း အပြည့်အစုံကို ပစ်မှတ်ထားရန် တိုက်တွန်းထားသည်။

Justice For Myanmar မှထုတ်ပြန်သော "လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် သတ္တုမိုင်းများ" အစီရင်ခံစာသည် 2021 ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီးတွင်ပင် မြန်မာနိုင်ငံတွင် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေသော ဩစတြေးလျနှင့် ဆက်စပ်ကုမ္ပဏီ ၁၀ ခုကို ဖော်ထုတ်ထားသည်။ ၎င်းတို့၏ ဆက်လက်တည်ရှိမှုသည် အမြတ်အစွန်းနှင့် အခွန်ဆိုင်ရာ မျှဝေမှုများမှတစ်ဆင့် အကြမ်းဖက်စစ်တပ်အား ပံ့ပိုးကူညီပြီး သတ္တုတွင်းလုပ်ငန်းကဏ္ဍကို ဆက်လက်လည်ပတ်စေမည့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။

မြန်မာနိုင်ငံရှိ သတ္တုတူးဖော်ရေးလုပ်ငန်းကဏ္ဍနှင့် အခြားသော သဘာဝသယံဇာတများသည် အကြမ်းဖက်စစ်တပ်မှတရားမဝင် အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏ ဘဏ်စာရင်းများသည် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပြီး အာဏာသိမ်းစစ်တပ်အတွက် ဘဏ္ဍာရေး အသက်သွေးကြောဖြစ်သည်။ ထိုသို့သော လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့် ဩစတြေးလျအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်လှုပ်ရှားမှုတွင် ပါဝင်ကူညီရုံသာမက တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများကိုလည်း ချိုးဖောက်ရာရောက်ပါသည်။

ဤအမှောင်ထုသို့ကျရောက်သော နှစ်ပတ်လည်နေ့ နီးကပ်လာသည်နှင့်အမျှ MCN သည် ဩစတြေးလျ အစိုးရမှအကြမ်းဖက်မြန်မာစစ်အတပ်အား ပြတ်ပြတ်သားသားဆန့်ကျင်ရန် တိုက်တွန်းပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) အပါအဝင် သတ္တုတွင်းလုပ်ငန်းကဏ္ဍရှိ လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများ အပြည့်အဝ ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် တောင်းဆိုထားသည်။ အမှတ် ၁ သတ္တုတွင်းလုပ်ငန်း ((ME1) နှင့် အမှတ် ၂ သတ္တုတွင်းလုပ်ငန်း (ME2) နှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း (MGE) တို့ဖြစ်သည်။ MCN သည် သတ္တုတွင်းဌာန (DoM)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဌာန (DGSE) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန (ECD) ကဲ့သို့သော အဓိကပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအပေါ် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန်လည်း တောင်းဆိုထားသည်။

သတ္တုတူးဖော်ခြင်းလုပ်ငန်းအပြင် MCN သည် အကြမ်းဖက်စစ်တပ်၏ နိုင်ငံခြားဝင်ငွေ အရင်းအမြစ်များကို ဖြတ်တောက်ရန် ၄င်း၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သစ်၊ ပုလဲ၊ ကျောက်မျက်ရတနာနှင့် ရေနံဓာတုပစ္စည်းများ အပါအဝင် အခြားသော ဝင်ငွေကြွယ်ဝသော လုပ်ငန်းကဏ္ဍများကို ပိတ်ဆို့အရေးယူပေးရန်နှင့် တောင်းဆိုထားသည်။ ၎င်းတွင် မြန်မာ့ရေနံနှင့်

C/O Union Aid Abroad-APHEDA
Level 1, 365-375 Sussex St, Sydney, NSW 2000
contact@myanmarcampaignnetwork.org
+61 2 8203 6044 or +61 2 9264 9343

MYANMAR CAMPAIGN NETWORK

သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ မြန်မာ့သစ်လုပ်ငန်း (MTE)၊ မြန်မာ့ပုလဲလုပ်ငန်း (MPE) နှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (MPE) တို့လည်း ပါဝင်သည်။

Myanmar Campaign Network မှ Campaign Manager, Tasneem Roc က "အာဏာသိမ်းပြီး သုံးနှစ်ကြာပြီး မြန်မာနိုင်ငံမှာ ၎င်း၏ သတ္တုတူးဖော်ရေး လုပ်ငန်းများမှ ငွေကြေးထောက်ပံ့မှုတွေကြောင့် အကြမ်းဖက်စစ်တပ်ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေဆက်လက်ဖြစ်ပေါ်နေပါတယ်။ ဒီအကြမ်းဖက်စစ်တပ်မှ ထိန်းချုပ်ထားသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပိတ်ဆို့အရေးယူတာဟာ သံတမန်ရေးရာ လှုပ်ရှားမှုတစ်ခု မဟုတ်ဘဲ ကိုယ်ကျင့်တရားဆိုင်ရာ လိုအပ်ချက်ဖြစ်ပါတယ်။ ကျွန်ုပ်တို့က ဒီစစ်တပ်ရဲ့ရက်စက်ကြမ်းကြုတ်မှုတွေအတွက် အသံတိတ် လက်တွဲဖော်မဖြစ်နိုင်တော့ပါဘူး။"

Publish What You Pay Australia မှ National Director, Mia Pepper က " ဩစတြေးလျနိုင်ငံမှ ကုမ္ပဏီများက မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးကြောင့် လုံ့လစိုက်ထုတ်မှု ပျက်ကွက်နေပြီး ဩစတြေးလျ အစိုးရမှ အရေးယူမှုမရှိသည့် အထောက်အထားများ တိုးပွားလာနေပါတယ်။ မြန်မာနိုင်ငံမှာ ဆက်လက်ဖြစ်ပေါ်နေသော ရက်စက်ကြမ်းကြုတ်မှုများကြောင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းကို ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် ဩစတြေးလျအစိုးရအား ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်နှင့် ဩစတြေးလျစီးပွားရေးချိတ်ဆက်မှုများကို ပြန်လည်သုံးသပ်ရန် ကျွန်ုပ်တို့ အလေးအနက် တိုက်တွန်းအပ်ပါတယ်။"

Transparency International Australia ၏ CEO ဖြစ်သူ Clancy Moore က "မြန်မာနိုင်ငံက Transparency International ၏ Corruption Perceptions Index မှာ ရမှတ်အနေဖြင့် 23/100မှတ်သာရရှိထားပြီး ဩစတြေးလျနှင့် ချိတ်ဆက်ထားသော သတ္တုတူးဖော်ရေးကုမ္ပဏီများအတွက် အလွန်အန္တရာယ်များသော နေရာတစ်ခုဖြစ်ပါတယ်။ အာဏာသိမ်းပြီးကတည်းက ဩစတြေးလျအစိုးရက လူပုဂ္ဂိုလ် ၁၆ ဦးနှင့် စစ်တပ်နှင့် ဆက်နွှယ်နေသည့် စီးပွားရေးအဖွဲ့အစည်း ၂ ခုကိုသာ ပိတ်ဆို့အရေးယူထားပြီး အမေရိကန်၊ ယူကေ၊ အီးယူနှင့် ကနေဒါတို့က လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းပေါင်း ၃၉၀ တို့ကို ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ထားပြီးဖြစ်ပါတယ်။"

မီဒီယာများ၏မေးမြန်းမှုများအတွက် အောက်ပါပေးထားသော အီးမေးလ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်မှတဆင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Media Contact:
Tasneem Roc
Myanmar Campaign Network troc@apheda.org.au
+61 2 8203 6044